Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၆၃,၂၆၄)    နေ့စွဲ။ ၂၅.၁၀.၂၀၁၅ (တနင်္ဂနွေနေ့), ၂၆.၁၀.၂၀၁၅ (တနင်္လာနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၂၆.၁၀.၁၅ | 7 Day Daily No (898) p (9) | သူရဦးရွှေမန်း | **ပြည်ခိုင်ဖြိုး မရှုမလှရှုံးနိုင်သည်ဆိုသော လျှို့ဝှက်စာတမ်းကို ဦးရွှေမန်း ခွင့်ပြုချက်ဖြင့် ပြုစုခဲ့ခြင်းဖြစ်**<br>လာမည့် ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီမရှုမလှ ရှုံးဖွယ်ရှိဟု ခန့်မှန်းဖော်ပြချက်များ ပါရှိသည့် လျှို့ဝှက်စာတမ်းကို ပါတီဥက္ကဋ္ဌဟောင်း သူရဦးရွှေမန်း ခွင့်ပြုချက်ဖြင့် ပါတီမှ ဗဟိုကော်မတီဝင်များက ရေးဆွဲခဲ့ခြင်းဖြစ်သည်ဟု ဦးရွှေမန်းကဆိုသည်။ ယင်းစာတမ်းကို နိုင်ငံခြားသားပညာရှင်နှစ်ဦး၊ ပြည်သူ့အခြေအနေ အမှန်ကို သိရှိသည့် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ပပညာရှင်များဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ကြေညာစာတမ်းတွင် ရေးသားထားသည့် ပေါ်လစီအချို့မှာ လျှို့ဝှက်အပ်သည်ဟုယူဆသောကြောင့် ဗဟိုကော်မတီသို့ မတင်ပြသကဲ့သို့ လူထုသို့ သတင်းထုတ်ပြန်ရန်မရည်ရွယ်ခဲ့ဟုဆိုသည်။ အထူးသဖြင့် လူထုအကျိုးအတွက် စစ်တပ်နှင့် ချိတ်ဆက်ထားသော လုပ်ငန်းစုကြီးများကို ပြုပြင်ပြောင်းလဲရေးနှင့် ရဲတပ်ဖွဲ့ ခေတ်မီရေး ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သည့်သတင်း အချက်အလက်များလည်းပါဝင်သည်။ လာမည့် ရွေးကောက်ပွဲတွင် အဆိုးရွားဆုံးအဖြစ် ပြည်ခိုင်ဖြိုးက ပြည်သူ့လွှတ်တော်တွင် အမတ် ၁၆ နေရာအထိ လျော့နည်းကျဆင်းသွားနိုင်ပြီး NLD နှင့် တိုင်းရင်းသားပါတီများက အများစုအနိုင်ရသွားနိုင်ကြောင်း ယင်းစာတမ်းကို ကိုးကား၍ မဇ္ဈိမကရေးသားသည်။<br>ရဲနိုင် |
| ၂ | ၂၆.၁၀.၁၅ | Daily Eleven p (3) | သူရဦးရွှေမန်း | **လာမည့်ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီအနေဖြင့် အနိုင်ရရန် ခက်ခဲမည်ဟု သူရဦးရွှေမန်းပြော**<br>လာမည့်ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီအနေဖြင့် အနိုင်ရရန် ခက်ခဲမည်ဟု သူရဦးရွှေမန်းက အောက်တိုဘာ ၂၅ ရက်တွင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာများအား မဲဆွယ်စည်းရုံးရေးပြုလုပ်နေစဉ် မီဒီယာများအားဖြေကြားသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးမှာလည်း ယခင်ကအတိုင်းရှိနေပြီး ဆက်ဆံရေးကောင်းမွန်ကြောင်း၊ နိုင်ငံနှင့် နိုင်ငံသားများအကျိုးစီးပွား |

| | | | | |
|---|---|---|---|---|
| | | | | အတွက် ပူးပေါင်းဆောင်ရွက်လျှက်ရှိကြောင်း၊ ရွေးကောက်ပွဲရလဒ်နောက်ပိုင်းတွင်လည်း နိုင်ငံနှင့် နိုင်ငံသားများအကျိုးအတွက် ကောင်းသည်ဆိုပါက ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် မဟုတ်ဘဲ တိုင်းရင်းသားပါတီများနှင့်လည်း ထိုကဲ့သို့ပင် ဖြစ်ကြောင်း ပြောသည်။<br>စိုးမင်းထိုက် |
| ၃ | ၂၆.၁၀.၁၅ | 7 Day Daily No (898) p (1,2) | ဒေါ်အောင်ဆန်းစုကြည် | **မြစိမ်းရောင်စီမံကိန်းမှာ ပြည်သူများအတွက် ပြည်ပမှချေးငွေကို ပြန်ချေးခြင်းသာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော**<br>အစိုးရက အကောင်အထည်ဖော်နေသော မြစိမ်းရောင်စီမံကိန်းသည် ပြည်သူများအတွက် နိုင်ငံတကာမှ ပေးထားသောငွေများကို ပြည်သူများအား ပြန်ချေးနေခြင်းသာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၂၅ ရက်က လုပ်ခဲ့သည့် ကော့မှူးမြို့နယ် မဲဆွယ်စည်းရုံးရေးခရီးစဉ်တွင် ပြောသည်။ မြန်မာနိုင်ငံ့အနေဖြင့် ပြည်ပနိုင်ငံများမှ ချေးယူထားသော ကြွေးမြီများ မည်မျှရှိသနည်းဟု ကျုံဒရယ်ကျေးရွာ ပြည်သူတစ်ဦး၏ မေးမြန်းမှုကိုဖြေကြားရာတွင် ယခုကဲ့သို့ ပြောခြင်းဖြစ်သည်။ မြစိမ်းရောင်စီမံကိန်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကျေးရွာပေါင်းသုံးသောင်းအထိ တိုးချဲ့ဆောင်ရွက်မည်ဟု မွေးရေကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဇွန်လ ၁၁ ရက်တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်ကပြောသည်။ ကမ္ဘာ့ဘဏ်၏စာရင်းအရ မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီမှာ ကန်ဒေါ်လာ ၇ ဘီလီယံကျော်ရှိနေသည်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် အစိုးရ အသုံးစရိတ်လိုငွေမှ ကျပ် ၃၆၀၀ ဘီလီယံကျော်ရှိကြောင်း တရားဝင်စာရင်းတွင်တွေ့ရသည်။<br>ငြိမ်းငြိမ်းပြည့် |
| ၄ | ၂၅.၁၀.၁၅ | Daily Eleven Pg (2, 3) | ဒေါ်အောင်ဆန်းစုကြည် | **ရွေးကောက်ပွဲ မတည်မငြိမ်ဖြစ်အောင် လုပ်ချင်သူများရှိ၍ ရွေးကောက်ပွဲနီးမှ လူစိမ်းများ ကိုယ့်ရွာသို့ လာရောက်ပါက အထူးသတိထားရန် ဒေါ်အောင်ဆန်းစုကြည်ပြော**<br>ရွေးကောက်ပွဲမတည်မငြိမ်ဖြစ်အောင် လုပ်ချင်သူများရှိ၍ ရွေးကောက်ပွဲနီးမှ လူစိမ်းများ ကိုယ့်ရွာသို့လာရောက်ပါက အထူးသတိထားကြရန်နှင့် ရန်စမှုများရှိပါက ကိုယ့်စိတ်ကိုယ်ထိန်းရန် ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၂၄ ရက်နေ့က ကော့မှူးဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် သတိပေးပြောကြားခဲ့သည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံအနာဂတ်အတွက် အောင်မြင်ခြင်းဖြစ်နိုင်သောကြောင့် တည်ငြိမ်မှုရှိရေး ပြည်သူများ ဝိုင်းဝန်းကူညီကြရန်လည်း ကော့မှူးဒေသခံများအား တောင်းဆိုခဲ့သည်။ လက်ရှိတွင် လူပုဂ္ဂိုလ်အချို့နှင့် လူ့အဖွဲ့အစည်းအချို့သည် လူမျိုးရေးနှင့် ဘာသာရေးအသုံးပြုပြီး ပြည်သူများ |

| | | | | |
|---|---|---|---|---|
| | | | | အကြား စိတ်ဝမ်းကွဲအောင်လုပ်ဆောင်နေမှုများရှိနေကြောင်း၊ လူနည်းစု လူများစုမရွေး အားလုံးတန်းတူညီတူအခွင့် အရေးရရမည်ဆိုသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက သေသေချာချာ ပြဋ္ဌာန်းပြီး အာမခံထားကြောင်း၊ NLD ပါတီအနေဖြင့် တရားဥပဒေစိုးမိုးရေးကို အလေးထားသည့်အလျှောက် အားလုံးကို မျှမျှတတ တန်းတူညီတူဆက်ဆံမည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။ |
| ၅ | ၂၅.၁၀.၁၅ | The Voice Daily Vol.3 No.171 Pg (3)<br><br>The Messenger Pg (10) | ဒေါ်အောင်ဆန်း စုကြည် | **နိုင်ငံရေးပါတီအားလုံး နိုင်ငံခြားအစိုးရ သြဇာခံမဟုတ်ဟု ဒေါ်အောင်ဆန်းစုကြည်ပြော**<br>လက်ရှိ မြန်မာနိုင်ငံတွင် တရားဝင်တည်ထောင်ထားသော နိုင်ငံရေးပါတီများအားလုံးသည် ဥပဒေအရ နိုင်ငံခြားအစိုးရများ၏ သြဇာကင်းရှင်းသည့်ပါတီများဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၂၄ ရက်က ကော့မှူးမြို့နယ် ကံဘဲ့လမ်းဆုံ၌ ဒေသခံများအား ပြောကြားသည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ လက်ရှိတွင် NLD ပါတီသည် နိုင်ငံခြားသြဇာလွှမ်းမိုးသည်ဟု ကောလာဟလများထွက်ပေါ်နေပြီး ယင်းကောလာဟလများကို နားမယောင်ဘဲ NLD ကိုသာ မဲထည့်ရန်လည်း ဒေသခံများအား တိုက်တွန်းပြောကြားခဲ့သည်။ တပ်မတော်များအနေဖြင့် မဲဆန္ဒပေးရွေးချယ်ရာတွင် နိုင်ငံခြားသားများ၏ တစ်နည်းနည်းအားဖြင့် လွှမ်းမိုးမှုမရှိသူများကို စဉ်းစားရွေးချယ်ရန် အကြံပြုလိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောဆိုထားသည်။ |
| ၆ | ၂၆.၁၀.၁၅ | The Voice Daily Vol (3) No (172) p (1,3) | Election | **ပါတီနှစ်ခုအပြိုင် မဲဆွယ်မှုကြောင့် ကိုကိုးကျွန်းဒေသခံများ စိတ်ဝမ်းမကွဲစေရန် ကြံ့ခိုင်ရေးကိုယ်စားလှယ် NLD ပါတီနှင့် ဆွေးနွေး**<br>ပြည်ခိုင်ဖြိုးပါတီနှင့် NLD ပါတီတို့ အပြိုင်အဆိုင် မဲဆွယ်မှုကြောင့် ကိုကိုးကျွန်းမြို့နယ်တွင် နေထိုင်သောဒေသခံများ စိတ်ဝမ်းမကွဲစေရန် ကြံ့ခိုင်ရေးပါတီ ကိုယ်စားလှယ်လောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဟောင်း ဦးတင်ဝင်းက NLD ပါတီ အောင်နိုင်ရေးရုံးခန်းသို့ လာရောက်ဆွေး နွေးခဲ့သည်။ အောက်တိုဘာ ၂၂ ရက် NLD ပါတီ၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်မှုအပြီးတွင် NLD ပါတီကို ထောက်ခံသူ ဒေသခံတစ်ဦးက ပြည်ခိုင်ဖြိုးပါတီဝင်အိမ်ကို လာရောက်ဆဲဆိုမှုများရှိသောကြောင့် ယခုလိုဆွေးနွေးရခြင်းဖြစ်ကြောင်း ကိုကိုးကျွန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) မှ ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဟောင်း ဦးတင်ဝင်းကဆိုသည်။ NLD အဖွဲ့ချုပ်ပါတီအနေဖြင့် ကိုကိုးကျွန်းမြို့နယ်တွင် မဲဆွယ်စည်းရုံးရေး လုပ်ဆောင်ခြင်းသည် တစ်ရက်ခန့်သာ ရှိသေးသောကြောင့် ဒေသခံ အချင်းချင်း |

| | | | | |
|---|---|---|---|---|
| | | | | စိတ်ဝမ်းကွဲသည့်အဖြစ်မျိုး ဖြစ်မည်မဟုတ်ကြောင်း ၄င်းကဆိုသည်။ ကိုကိုကျွန်းမြို့နယ်တွင် နေထိုင်သော ပြည်သူလူထုဒေသခံများသည် အာဏာပိုင် အဖွဲ့အစည်းတစ်ခုမှနေပြီး ခြိမ်းခြောက်ထားသောကြောင့် ကြောက်ရွံ့စိတ်များ လွှမ်းမိုးနေသည်ကို တွေ့ရကြောင်း ဆိုပြန်သည်။<br>ကိုကိုးကျွန်း |
| ၇ | ၂၆.၁၀.၁၅ | The Voice Daily Vol (3) No (172) p (7) | Election | **ကိုကိုကျွန်း GE တပ်ရင်းရှိ ရွှေ့ပြောင်းအလုပ်သမားများကို NLD နှင့် NNDP ပါတီ မဲဆွယ်ခွင့်မရဟုဆို**<br>ကိုကိုကျွန်းမြို့နယ်ရှိ ဆောက်လုပ်ရေးအင်ဂျီနီယာတပ်ရင်း GE တပ်တွင် နေထိုင်လျက်ရှိသော ရွှေ့ပြောင်းလုပ်သားမဲဆန္ဒရှင်များကို NLD ပါတီနှင့် NNDP တို့ မဲဆွယ်စည်းရုံးခွင့် မရဘဲ ပြည်ခိုင်ဖြိုး ပါတီတစ်ခုတည်းသာ မဲဆွယ်ခွင့်ရှိကြောင်း ယင်းပါတီအောင်နိုင်ရေးအဖွဲ့များက ပြောသည်။ |
| ၈ | ၂၆.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၃၄) p (4) | Election | **ရခိုင်အမျိုးသားပါတီ၏ မဲဆွယ်စည်းရုံးပွဲ ရန်ကုန်တွင် ပြုလုပ်**<br>ရခိုင်အမျိုးသားပါတီခေါင်းဆောင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းယှဉ်ပြိုင်မည့် လွှတ်တော် ကိုယ်စားလှယ်များသည် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များမှ ရခိုင်တိုင်းရင်းသားမဲဆန္ဒရှင်များအား မဲဆွယ်စည်းရုံးဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက် နေ့လည်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကျိုက္ကဆံအားကစားကွင်းအနောက်၊ ပြည်သူ့ဟာစ်တိုင်တွင် ကျင်းပခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ပါတီအနိုင်ရရှိခဲ့ပါက ရခိုင်ပြည်ဖွံ့ဖြိုးရေးအရေးကို အဓိကထားလုပ်ဆောင်မည်ဖြစ်ပြီး ပါတီအနေဖြင့် ရန်ကုန်တိုင်းအတွင်း ဝင်ရောက်သည့် လွှတ်တော်နေရာအားလုံးအတွက် လူထုထောက်ခံမှု အတိုင်းအတာတစ်ခုထိ ရရှိထားသည်ဟု ရခိုင်အမျိုးသားပါတီဒုဥက္ကဋ္ဌ ဒေါ်အေးနုသိမ်းက ပြောသည်။<br>မြတ်သူအောင် |
| ၉ | ၂၆.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၃၄) p (6) | Election | **မြန်မာ့ရွေးကောက်ပွဲ တရားမျှတအောင်မြင်စွာ ပြီးစီးနိုင်ရေး ဩစတြေးလျက ဒေါ်လာ ၄ သန်းလှူဒါန်းထား**<br>မြန်မာ့ရွေးကောက်ပွဲအတွက် ဩစတြေးလျက ဒေါ်လာ ၄ သန်း ကူညီပေးထားကြောင်း တရားမျှတသော ရွေးကောက်ပွဲဖြစ်လာရန် အလိုရှိနေကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာနကို ကိုးကား၍ SBS သတင်းဌာနက ရေးသားထားသည်။ ဩစတြေးလျနိုင်ငံက ကူညီပေးထားသည့် ဒေါ်လာ ၄ သန်းတွင် ဒေါ်လာတစ်သန်းမှာ ရွေးကောက်ပွဲ မဲရုံဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးရေးအတွက် အသုံးချရန်ဖြစ်ပြီး အခြားသော သုံးသန်းမှာ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အထွေထွေအသုံးစရိတ်အတွက်ဟု သိရသည်။ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကူညီငွေများအပြင် မြန်မာ့ရွေးကောက်ပွဲ တရား |

| | | | | |
|---|---|---|---|---|
| | | | | မျှတအောင်မြင်စွာ ပြီးဆုံးနိုင်ရေးကို လေ့လာစောင့်ကြည့်သူများနှင့် ကူညီပေးသွားမည်ဟုဆိုသည်။<br>အေဝိုင်အီး |
| ၁၀ | ၂၅.၁၀.၁၅ | The Messenger Pg (19) | Election | **ပြည်သူများ အနာဂတ်ဘဝလုံခြုံရေး ဦးခင်ရီ အာမခံ**<br>လာမည့်ရွေးကောက်ပွဲတွင် အနိုင်ရမည်ဆိုပါက ပြည်သူများ၏ အနာဂတ်ဘဝလုံခြုံရေးအတွက် အာမခံနိုင်ကြောင်း ပြည်ခိုင်ဖြိုးပါတီဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အောက်တိုဘာ ၂၄ ရက်နေ့က မြောင်းမြမြို့နယ် ကျုံသွပ်ကျေးရွာတွင်ပြုလုပ်သည့် မဲဆွယ်စည်းရုံးပွဲ၌ ပြောကြားခဲ့သည်။ မြောင်းမြမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ခိုင်ဖြိုးကိုယ်စား လှယ်လောင်းများသည် ပညာတတ်လူတော်လူကောင်းများဖြစ်သည်ကို အာမခံရဲကြောင်း၊ အသည်းကြားက မဲတစ်ပြားကို ဦးနှောက်နှင့် စဉ်းစားကာ တိုင်းပြည်တိုးတက်အောင်လုပ်နိုင်သည့် စွမ်းအား/ ပါဝါ အပြည့်ရှိသည့် မိမိတို့ ပြည်ခိုင်ဖြိုးပါတီ ဝင်များအား မဲပေးကြရန်လည်း ဝန်ကြီးက မဲဆွယ် ပြောကြားခဲ့သည်။ |
| ၁၁ | ၂၅.၁၀.၁၅ | The Voice Daily Vol.3 No.171 Pg (1, 2) | Election | **ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း ၇၅ ဦး ကော်မရှင် ပယ်ချခံရ**<br>၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူများအနက် ကော်မရှင်က ပယ်ချခဲ့သူ ၇၅ ဦးရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အောက်တိုဘာ ၂၃ ရက်က နေပြည်တော်ရှိ Kenpiski ဟိုတယ်တွင် သံတမန်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ ပယ်ချက်ခံရသူများတွင် အစ္စလာမ်ဘာသာဝင် ၃၂ ဦး၊ အခြားဘာသာဝင် ၂၀ ဦး၊ အသက်ကန့်သတ်ချက် မပြည့်မီသူ ၈ ဦး၊ နိုင်ငံအတွင်း အနည်းဆုံး ဆယ်နှစ်တစ်ဆက်တည်းနေထိုင်မှုမရှိသူ ငါးဦး၊ ပါတီတွင်းမှ ကန့်ကွက်ခံရ၍ ပယ်ဖျက်ခံရသူ လေးဦး၊ ကိုယ်စားလှယ်လောင်းအချင်းချင်း ကန့်ကွက်ပယ်ဖျက်ခံရသူ နှစ်ဦး၊ အမည်စာရင်းလိမ်လည်တင်သွင်းသူတစ်ဦးနှင့် ပါတီတံဆိပ်တင်သွင်းခြင်း မရှိဘဲ တစ်ဦးပုဂ္ဂလအဖြစ် တင်သွင်းသူ သုံးဦးဖြစ်သည်ဟု ၎င်းကပြောသည်။ အတည်ပြုပြီး ကိုယ်စားလှယ်လောင်း ၆၀၆၅ ဦးရှိပြီး အမျိုးသားကိုယ်စားလှယ်လောင်း ၅၂၇၄ ဦးနှင့် အမျိုးသမီး ၈၀၀ ရှိသောကြောင့် အမျိုးသမီးကိုယ်စားလှယ်လောင်း ပါဝင်မှုနှုန်း ၁၃ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ဟု ၎င်းကပြောသည်။ |
| ၁၂ | ၂၅.၁၀.၁၅ | The Messenger Pg (2) | Election | **ကျေးလက်နေပြည်သူများဘဝ မြှင့်တင်ပေးမည်ဟု ဦးတင့်ဆန်း မဲဆွယ်ပြောကြား**<br>လာမည့်ရွေးကောက်ပွဲတွင် အနိုင်ရရှိပါက ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ရေးကို အကောင်း |

| | | | | |
|---|---|---|---|---|
| | | | | ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြောင်းမြမြို့နယ် ကျုံသွပ်ကျေးရွာတွင် အောက်တိုဘာ ၂၄ ရက်နေ့က ပြုလုပ်သည့် မဲဆွယ်စည်းရုံးပွဲတွင် ပြောကြားခဲ့သည်။ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးတို့ကို ဆောင်ရွက်ပေးမည်ဟု ဝန်ကြီးကဆိုသည်။ မြောင်းမြခရိုင်တွင် လူဦးရေ စုစုပေါင်း (၇၈၁၈၄၄) ဦးရှိပြီး ကျေးလက်နေပြည်သူ (၆၈၇၄၄၁) ဦး ပါဝင်သည်ဟု သိရသည်။၂ |
| ၁၃ | ၂၅.၁၀.၁၅ | 7 Day Daily No. 897 Pg (1, 2) | Election | **သမ္မတခိုင်း၍ ရွေးကောက်ပွဲဝင်ပြိုင်ခြင်းဖြစ်ကြောင်း တစ်သီးပုဂ္ဂလ အမတ်လောင်း ထုတ်ဖော်ပြောကြား**<br>နေပြည်တော်ကောင်စီ နယ်မြေအတွင်း တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြသူများသည် အကြီးအကဲကစေခိုင်း၍ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း အဆိုပါနယ်မြေမှ ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း အငြိမ်းစားဗိုလ်မှူးကြီး မြင့်အောင်သန်းက ပြောကြားသည်။ နေပြည်တော်ကောင်စီနယ်မြေတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ၏ အောက်တိုဘာ ၂၄ ရက်နေ့က မဲဆွယ်စည်းရုံးပွဲတွင် သမ္မတဦးသိန်းစိန်ဓာတ်ပုံအား အသုံးပြုမဲဆွယ်ခြင်းနှင့် ပတ်သက်၍ 7 Day ၏ မေးမြန်းမှုအား ဦးမြင့်အောင်သန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ လာမည့်ရွေးကောက်ပွဲ၌ နေပြည်တော်ကောင်စီဝင် ငါးဦးတို့သည် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အဆိုပါ ကောင်စီဝင်များသည် နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်ထားသူများဖြစ်သည်။ |
| ၁၄ | ၂၅.၁၀.၁၅ | Daily Eleven Pg (17) | လွှတ်တော် | **ပထမအကြိမ် လွှတ်တော် (၁၃) ကြိမ်မြောက် အစည်းအဝေးများ ကို နိုဝင်ဘာ ၁၆ ရက် ပြန်လည်ကျင်းပမည်**<br>ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲအချိန်ခန့်တွင် ပြန်လည်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်က သတင်းထုတ်ပြန်ထားသည်။ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ထားသည်ဟု သိရသည်။ ထို့ပြင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများကိုလည်း နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ |
| ၁၅ | ၂၅.၁၀.၁၅ | 7 Day Daily No. 897 Pg (11) | ရခိုင် | **ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုး မဲဆန္ဒရှင် ၁,၅၁၉ ဦး ရှိ**<br>ရခိုင်ပြည်နယ်တွင် လာမည့်ရွေးကောက်ပွဲ၌ မဲပေးခွင့်ရှိသူ ဘင်္ဂါလီလူမျိုး ၁, ၅၁၉ ဦးရှိကြောင်း ရခိုင်ပြည်နယ် ရွေးကောက်ပွဲ |

| | | | | |
|---|---|---|---|---|
| | | | | ကော်မရှင်ဥက္ကဌ ဦးအောင်မြကပြောသည်။ မြောက်ဦးခရိုင်တွင် ၈၂၄ ဦး၊ ကျောက်ဖြူခရိုင်တွင် ၄၀၃ ဦး၊ စစ်တွေခရိုင်တွင် ၂၂၁ ဦး၊ မောင်တောခရိုင်တွင် ၇၁ ဦး တို့ဖြစ်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရှိထားသူများဖြစ်သည်ဟု သိရသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝိုက်ကတ်ကိုင်ဆောင်သူများ မဲပေးခွင့်ရှိသော်လည်း လာမည့်ရွေးကောက်ပွဲတွင်မူ ဝိုက်ကတ်ကိုင်ဆောင်သူများ မဲပေးခွင့်မရရှိတော့ပေ။ |
| ၁၆ | ၂၅.၁၀.၁၅ | 7 Day Daily No. 897 Pg (17) | ရခိုင် | **ရခိုင်ပြည်နယ်နေရာအချို့တွင် ရခိုင်ပါတီကို မဲမပေးရန် ခြိမ်းခြောက်မှုများရှိဟု ဆို**<br>ရခိုင်ပြည်နယ် ဒေသအချို့တွင် ရခိုင်အမျိုးသားပါတီ (ANP) ကို မဲမပေးကြရန် ခြိမ်းခြောက် ပြောဆိုမှုများရှိနေကြောင်း ANP ဗဟိုအောင်နိုင်ရေးကော်မတီ ဥက္ကဌ ဦးခိုင်ပြည်စိုးကပြောသည်။ ရခိုင်ပြည်နယ်ရှိ အမ်း၊ ရမ်းဗြဲနှင့် ဂွမြို့နယ်တို့ရှိ ကျေးရွာအချို့တွင် ယင်းသို့ ခြိမ်းခြောက်မှုများ ကြုံတွေ့နေရကြောင်း ဦးခိုင်ပြည်စိုးကဆိုသည်။ ထိုသို့ ခြိမ်းခြောက်ပြောဆိုနေသူများတွင် အခြားပါတီဝင်များပါဝင်နေပြီး အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ထ တွေ့ဆုံတင်ပြသွားမည်ဟု ANP မှ သိရသည်။ |
| ၁၇ | ၂၆.၁၀.၁၅ | 7 Day Daily No (898) p (3) | ရခိုင် | **ရခိုင်အမျိုးသားပါတီက ပါတီ၏ မူဝါဒသုံးရပ်ကို ပြည်သူများအားရှင်းလင်း**<br>ရခိုင်အမျိုးသားပါတီ ANP က တိုင်းရင်းသားအားလုံး တန်းတူအခွင့်အရေးရရှိနိုင်မည့် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန် အပါအဝင် ပါတီမူဝါဒ သုံးရပ်ကို ပြည်သူများအား အောက်တိုဘာ ၂၅ ရက်တွင် မဲဆွယ်စည်းရုံးရေးဟောပြောပွဲနှင့် အောင်နိုင်ရေးအလံ အပ်နှင်းပွဲရှင်းပြသည်။ ရန်ကုန်မြို့ ကျိုက္ကဆံဟစ်ကွင်းတွင် ပြုလုပ်ခဲ့သော အခမ်းအနားတွင် ခေါင်းဆောင်များက ပါတီ၏ မူဝါဒသုံးရပ်ဖြစ်သည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး၊ ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများအပါအဝင် ရခိုင်ပြည်နယ်ရှိ အခြားတိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒီမိုကရေစီစနစ်ဖြစ်ထွန်းရန် ကြိုးပမ်းရေးစသည့် မူသုံးရပ်ကို ပြည်သူများအားရှင်းလင်းပြောကြားခဲ့သည်။ ဟောပြောပွဲသို့ ပြည်သူတစ်ထောင်ကျော် တက်ရောက်ခဲ့သည်။<br>အောင်ခိုင် |
| ၁၈ | ၂၆.၁၀.၁၅ | 7 Day Daily No (898) p (7) | ငြိမ်းချမ်းရေး | **NCA လက်မှတ် မထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစည်းအဝေး UWSP ထိန်းချုပ်နယ်မြေတွင် ပြုလုပ်မည်**<br>NCA တွင် လက်မှတ်ရေးထိုးခြင်းမရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အဓိကတက်ရောက်မည့် ထိပ်သီး အစည်း |

| | | | | |
|---|---|---|---|---|
| | | | | ဝေးတစ်ခုကို "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP/ UWSA ထိန်းချုပ်နယ်မြေတွင် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့် လဆန်းပိုင်းက ပန်ခမ်းမြို့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ထိပ်သီးခေါင်းဆောင်များ အစည်းဝေးပြုလုပ်ခဲ့သည်။ ယင်းအစည်းအဝေးတွင် ကရင်နီအမျိုးသားအစည်းအရုံး KNU အပါအဝင် ပြီးခဲ့သည့် အောက်တိုဘာ ၁၅ ရက်က NCA လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့အချို့ကို ဖိတ်ကြားခဲ့သည်။<br>အောင်ခိုင် |
| ၁၉ | ၂၅.၁၀.၁၅ | Daily Eleven Pg (3) | ငြိမ်းချမ်းရေး | **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ထိုးခြင်းအပေါ် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ရှင်းလင်း**<br>တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်ပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) က ပြည်သူလူထုအားရှင်းလင်းပွဲကို အောက်တိုဘာ ၂၄ ရက်နေ့က ရန်ကုန်မြို့ရှိ ယုဇနဟိုတယ်၌ ပြုလုပ်ခဲ့သည်။ မိမိတို့အနေဖြင့် သမ္မတ ဦးသိန်းစိန်အား ဦးစွာလက်တွေ့စမ်းသပ်လိုက်ခြင်း ဖြစ်ကြောင်းနှင့် ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာရေးအတွက် ဆက်လက်ကြိုးစားနေဆဲဖြစ်ကြောင်း ALP ဗဟိုကော်မတီနှင့် ALP ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၏ ဒုတိယခေါင်းဆောင် ဒေါ်စောမြရာဇာလင်းက ရှင်းလင်းပြောကြားသည်။ ALP ဒုဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်ကလည်း အားလုံးပါဝင်ရေးမှုကို အသေဆုပ်ကိုင်ထားပါက နိုင်ငံရေးတံခါးပေါက်ကို ရောက်ရှိနိုင်မည် မဟုတ်ကြောင်းနှင့် နိုင်ငံရေးတံခါးပေါက်ကို ရောက်ရှိရေး Political ဆိုသည့် ဆွေးနွေးရေးစားပွဲပေါ်သို့ ရောက်ရှိရန်အတွက် NCA အား လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ |
| ၂၀ | ၂၅.၁၀.၁၅ | Daily Eleven Pg (16, 17) | ငြိမ်းချမ်းရေး | **မိုင်းရှူး ဝမ်ဆော့တွင် လက်နက်ကြီးများပစ်ခတ်နေခြင်းကြောင့် ဝမ်ဆော့ဒေသခံများ မနေရဲတော့ဘဲ မိုင်းရှူးသို့ ထွက်ပြေးလာကြ**<br>ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်းရှိ ဝမ်ဆော့၊ ဟိုင်းပါကျေးရွာများတွင် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ပုံးများထပ်မံကျခဲ့သဖြင့် ဝမ်ဆော့ဒေသခံများ ရာနှင့်ချီကာ မိုင်းရှူးမြို့တွင် ရောက်ရှိနေကြောင်း ဒေသခံများက ပြောကြားသည်။ မိုင်းရှူးမြို့အနီးရှိ ဝမ်လွေရွာ၊ မိုင်းအပ်ရွာ၊ ဝမ်ဆော့ရွာ၊ ဟွေမုန်ရွာ၊ ကုန်ကျိုင်းရွာ၊ နမ့်ပါမုန်း၊ ကုန်းနင်၊ ဖမ်ကီးရွာ၊ နောင်ခေတ်၊ နားပေ၊ နမ့်လန်၊ နမ်ပပူရွာတို့တွင် တိုက်ပွဲများဖြစ်ပွားနေခြင်းဖြစ်ပြီး ထိုကျေးရွာများအနီးရှိ ကားလမ်းမများအပေါ် လက်နက်ကြီးများ ကျရောက်ပေါက်ကွဲသဖြင့် ရွာသားများက ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း SSPP မှ ဗိုလ်မှူးကြီး |

| | | | | |
|---|---|---|---|---|
| | | | | စိုင်းလကပြောသည်။ မိုင်းရှူးမြို့နယ်ရှိ ဟိုင်းပါဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်များတွင် စစ်ဘေးရှောင်ဒုက္ခသည် စုစုပေါင်း ၃၀၀၀ ကျော် ၄၀၀၀ နီးပါးရှိကြောင်းနှင့် ယင်းဒုက္ခသည်များ၏ စားဝတ်နေရေးအပြင် ဆေးဝါးအကူအညီများ အရေးပေါ်လိုအပ်လျက်ရှိကြောင်း ရှမ်းလူကယ်ကွန်ရက်မှ သိရသည်။<br>စည်သာ (တောင်ကြီး) |
| ၂၁ | ၂၅.၁၀.၁၅ | The Voice Daily Vol.3 No.171 Pg (10) | USDP | **အုပ်ချုပ်ရေးစနစ် ကျစ်လျစ်ခိုင်မာစေရန် ဝန်ကြီးဌာနအချို့ကို ဖျက်သိမ်းပြီး ပြင်ဆင်ဖွဲ့စည်းမည်ဟု ကြံ့ခိုင်ရေးပါတီ ရွေးကောက်ပွဲကြေညာစာတမ်း ဖော်ပြ**<br>ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် အုပ်ချုပ်ရေးစနစ် ကျစ်လျစ်ခိုင်မာစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ဝန်ကြီးဌာနအချို့ကို ဖျက်သိမ်းပြီး ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အောက်တိုဘာ ၂၂ ရက်ကထုတ်ပြန်သော ရွေးကောက်ပွဲကြေညာစာတမ်းတွင် ဖော်ပြထားသည်။ သန့်ရှင်းသည့်အစိုးရ ပီပြင်စွာဖြစ်ပေါ်လာရေးကိုလည်း ထိရောက်စွာဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် ပတ်သက်၍လည်း နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ညှိနှိုင်းပြီးသည့်အချိန်တွင် အခြေခံဥပဒေပြင်ဆင်ရေးကို ဆက်လက်ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် အမျိုးသမီးကဏ္ဍတွင်လည်း အမျိုးသမီးရပိုင်ခွင့်များကို မျိုးစောင့်ဥပဒေ လေးခုနှင့်အညီ ကာကွယ်ကူညီဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ |
| ၂၂ | ၂၅.၁၀.၁၅ | Daily Eleven Pg (2) | USDP | **အစိုးရမှန်းတီးရေးကို ရှေ့တန်းတင်ပြီး လူထုဆန္ဒပြ၊ အုံကြွပေါက်ကွဲမှု ကိုယ်အနိုင်ရရန် ရှေ့တန်းတင်ခြင်းသည် သည်းထိတ်ရင်ဖိုဖြစ်ရသည်ဟု ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ပြော**<br>အစိုးရမှန်းတီးရေးကို ရှေ့တန်းတင်ပြီး လူထုဆန္ဒပြ၊ အုံကြွပေါက်ကွဲမှု ကိုယ်အနိုင်ရရန် ရှေ့တန်းတင်ခြင်းသည် သည်းထိတ်ရင်ဖိုဖြစ်ရသည်ဟု ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အောက်တိုဘာ ၂၄ ရက်က ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော်တွင် ပြောကြားခဲ့သည်။ မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပြဿနာပြီးဆုံးရန်အတွက် သမ္မတကြီးကလည်း အစွမ်းကုန်ကြိုးစားနေကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကမ္ဘာက အသိအမှတ်ပြုသော်လည်း နိုင်ငံရေးပါတီအချို့မှ မျက်စိမှိတ်ထားခြင်းကို အံ့သြမိကြောင်း ၎င်းကဆိုသည်။ လက်ရှိတွင် ခိုင်မာသည့် ပြည်သူလူထုအင်အားရှိကြောင်း၊ ခိုင်မာသည့် အစိုးရရှိကြောင်း၊ ခိုင်မာသည့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်သည့် |

| | | | | |
|---|---|---|---|---|
| | | | | တပ်မတော်ရှိသည့်အတွက်ကြောင့် ကမ္ဘာမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရယ်လို့ ယနေ့အထိ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဦးမြင့်လှိုင်က ပြောကြားသည်။ |
| ၂၃ | ၂၅.၁၀.၁၅ | Daily Eleven Pg (17) | USDP | **တပ်မတော်သည် ပြည်ခိုင်ဖြိုးပါတီ၏ အဓိကမိတ်ဖက်အဖွဲ့အစည်း ဖြစ်သဖြင့် မိမိတို့ပါတီသည် အစိုးဖြစ်နိုင်ခြေအခွင့်အလမ်း အများဆုံးပါတီဖြစ်ကြောင်း ဧရာဝတီတိုင်း လုံခြုံ/ နယ်စပ်ဝန်ကြီးဟောင်း ဦးမောင်မောင်ဝင်း ပြော**<br>တပ်မတော်သည် ပြည်ခိုင်ဖြိုးပါတီ၏ အဓိကမိတ်ဖက်အဖွဲ့ အစည်းဖြစ်သဖြင့် မိမိတို့ပါတီသည် အစိုးရဖြစ်နိုင်ခြေ အခွင့်အလမ်းအများဆုံးပါတီဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး (ငြိမ်း) ဦးမောင်မောင်ဝင်းက အောက်တိုဘာ ၂၄ ရက်က လေးမျက်နှာမြို့နယ် အသောကရာမ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သော မဲဆွယ်စည်းရုံးပွဲတွင် ပြောကြားခဲ့သည်။ မိမိတို့ ပြည်ခိုင်ဖြိုးပါတီအနေဖြင့် ၂၅ ရာခိုင်နှုန်းသာ အနိုင်ရမည်ဆိုပါကလည်း တပ်မတော် ၂၅ ရာခိုင်နှုန်းနှင့် ပေါင်း၍ အစိုးရဖွဲ့နိုင်မည်ဖြစ်သောကြောင့် အစိုးရဖြစ်နိုင်ခြေအများဆုံး ပါတီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနှင့် ပတ်သက်၍ NLD ပါတီမှ ဦးဇော်မင်းသိန်းက အမျိုးသားနိုင်ငံရေးကို ပါတီနိုင်ငံရေးနှင့်ရောထွေးကာ တပ်မတော်အား မိတ်ဖက်အဖွဲ့အစည်းအဖြစ် သုံးနှုန်းပြောဆိုခြင်းမှာ မဖြစ်သင့်ဟု သုံးသပ်ပြောကြားသည်။ ဦးမောင်မောင်ဝင်းသည် လာမည့်ရွေးကောက်ပွဲ၌ ကြံ့ခိုင်ရေးပါတီ ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် လေးမျက်နှာမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။<br>အောင်ကျော်မျိုး (ဟသ်ာတ) |
| ၂၄ | ၂၆.၁၀.၁၅ | The Voice Daily Vol.3 No.171 Pg (2) | USDP | **နိုင်ငံပိုင်သတင်းစာများ ကြံ့ခိုင်ရေးပါတီအတွက် သွယ်ဝိုက်မဲဆွယ်ဟု သတင်းမီဒီယာ အဖွဲ့အစည်း အချို့ဝေဖန်**<br>နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွက် သွယ်ဝိုက်မဲဆွယ်ပေးနေကြောင်း သတင်းမီဒီယာ အဖွဲ့အစည်းအချို့က ဝေဖန်ပြောကြားသည်။ အောက်တိုဘာ ၂၄ ရက်နေ့ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာနှစ်စောင်၏ မျက်နှာဖုံးတွင် ‘ **မိတ္ထီလာမြို့နှင့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး အစိမ်းရောင်လွင်ပြင်ဖြစ်ရမည်**’ ဆိုသည့် သတင်းခေါင်းစဉ်ဖြင့် သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့၏ မြို့ကြီးရေလှောင်တမံ စီမံကိန်းသို့ သွားရောက်သည့်သတင်းကို တွဲ၍ ဖော်ပြထားခြင်းနှင့် ပတ်သက်၍ ယခုကဲ့သို့ ဝေဖန်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီတွင် ရွေးချယ်ခံထားရသူ ဦးမြင့်ကျော်က ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် နိုင်ငံပိုင်သတင်းစာများသည် အများပြည်သူ |

| | | | | |
|---|---|---|---|---|
| | | | | ဝန်ဆောင်မှုအတွက် သွားနေချိန်တွင် ယင်းသို့ ပါတီတစ်ခုအတွက် မဲဆွယ်ရန်မသင့်တော်ကြောင်း ပြောကြားပြီး မြန်မာဂျာနယ်လစ်ကွန်ရက်မှ အထွေထွေအတွင်းရေးမှူး ဦးဇေယျာလှိုင်ကလည်း ရွေးကောက်ပွဲနီးကပ်လာချိန် ယခုကဲ့သို့ ဖော်ပြခြင်းမှာ ပိုင်းရပ်စ်ပါသည်ဟု ပြော၍ရကြောင်း ပြောဆိုသည်။ |
| ၂၅ | ၂၅.၁၀.၁၅ | 7 Day Daily No. 897 Pg (11) | Interfaith | **ပြည်မြို့တွင် ဘာသာပေါင်းစုံ နီးနှောဖလှယ်ပွဲကျင်းပ**<br>ဘာသာပေါင်းစုံပါဝင်သော နီးနှောဖလှယ် တွေ့ဆုံပွဲတစ်ခုက အောက်တိုဘာ ၂၄ ရက်နေ့က ပြည်မြို့ တော်ဝင်ရတနာခန်းမတွင် ပြည်မြို့ရှိ ဘာသာပေါင်းစုံ ငြိမ်းချမ်းမေတ္တာအဖွဲ့ (Religions For Peace) က ဦးဆောင်ကျင်းပခဲ့သည်ဟု သိရသည်။ လက်နက်ကိုင်တိုက်ပွဲဝင်သူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရသကဲ့သို့ ကိုးကွယ်ရာ ဘာသာမတူသူများအနေဖြင့်လည်း အေးချမ်းစွာ၊ အတူတကွမေတ္တာရေးရှေ့ထားပြီး နေထိုင်ကြရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်ဟု ယင်းအဖွဲ့မှ အတွင်းရေးမှူး ဦးခင်မောင်ဝင်းကပြောသည်။ တွေ့ဆုံပွဲသို့ ဘာသာလေးခုမှ ခေါင်းဆောင်များ တက်ရောက်ကြကာ ငြိမ်းချမ်းရေးနှင့် ဘာသာရေးဆိုင်ရာများနှင့်ပတ်သက်၍ နီးနှောဖလှယ်ခဲ့ကြသည်။ |
| ၂၆ | ၂၅.၁၀.၁၅ | The Messenger Pg (9) | Other | **ရွှေညဝါဆရာတော် တရားပွဲ တားဆီးခံရခြင်းကြောင့် ဖျက်သိမ်းရ**<br>မန္တလေးမြို့တွင် ကျင်းပပြုလုပ်မည့် ရွှေညဝါဆရာတော်၏ တရားပွဲအား မြို့နယ်သံဃာနာယကအဖွဲ့က ပိတ်ပင်တားမြစ်ခဲ့သဖြင့် ဖျက်သိမ်းလိုက်ရသည်ဟု တရားပွဲအလှူရှင် မိသားစုထံမှ သိရသည်။ ယခုကဲ့သို့ ဖျက်သိမ်းလိုက်ခြင်းကြောက်၍မဟုတ်ဘဲ ရွေးကောက်ပွဲအား ထိခိုက်မည်စိုးသောကြောင့် ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲပြီးသွားပါ ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း တရားပွဲအလှူရှင် ကိုသားငယ်ကပြောသည်။ အလှူရှင်မိသားစုအနေဖြင့် ဖခင်ကြီး (၅၈) နှစ် ပြည့်မွေးနေ့အထူးဓမ္မသဘင်အား အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ ကျင်းပရန်ရည်ရွယ်ထားပြီး ရွှေညဝါဆရာတော်ကြီးမှာ နောက်ဆုံးနစ်ရက်တိုင်တိုင် ဟောကြားရန်စီစဉ်ထားရာမှ ယခုကဲ့သို့ ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။<br>K.W.M |
| ၂၇ | ၂၆.၁၀.၁၅ | 7 Day Daily No (898) p (4) | Other | **သပိတ်မှောက်ကျောင်းသားများအား ဆက်လက်ဖမ်းဆီးထားခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများ အဖွဲ့ချုပ်ဝေဖန်**<br>သစ်ခိုးတရုတ်နိုင်ငံသားများနှင့် ရာဇဝတ်သားများကို ထောင်ချထားရာမှ ပြန်လွှတ်ပေးလိုက်သော်လည်း အမျိုးသားပညာရေးဥပဒေအတွက် ဆန္ဒပြခဲ့ကြသည့် ကျောင်းသားများအား အစိုးရက ဆက်လက်ထိန်းသိမ်းထားခြင်းမှာ ကျောင်းသားလူငယ်များကို အစိုးရက အငြိုးထားနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံလုံး |

| | | | | |
|---|---|---|---|---|
| | | | | ဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်က ဝေဖန်လိုက်သည်။ အစိုးရသည် ကချင်ပြည်နယ်တွင် ဖမ်းမိသည့် တရုတ်နိုင်ငံသားများ သစ်ခိုးထုတ်သူများကို နှစ်ရှည်ထောင်ဒဏ်များချမှတ်ခဲ့ပြီး ရက်ပိုင်းအတွင်း လွတ်ငြိမ်းချမ်း သာခွင့်ပေးခြင်း၊ ရာဇဝတ်သားများအား အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းတို့ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများ အဖွဲ့ချုပ်က ထောက်ပြခဲ့ပြီး ယင်းအခြေအနေတွင် ကျောင်းသားများကို ထိန်းသိမ်းထားမှုနှင့် နှိုင်းယှဉ်ကာ ဝေဖန်ခဲ့သည်။<br>ထွန်းနိုင် |
| ၂၈ | ၂၆.၁၀.၁၅ | 7 Day Daily No (898) p (6) | Other | **EITI လုပ်ငန်းစဉ်အတွက် အစိုးရ တင်ပြသော စာရင်းနှင့် Global Witness စာရင်း အဆ ၅၀ ခန့်ကွာဟ**<br>သဘာဝသယံဇာတလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ရှိစေရေး ဆောင်ရွက်ကျင့်သုံးမှု နိုင်ငံတကာသဘောတူညီချက် လုပ်ငန်းစဉ်တွင် မြန်မာအစိုးရ အဆိုပြုထားသည့် ကျောက်စိမ်းကဏ္ဍမှ ရရှိငွေသည် GW အဖွဲ့က တွက်ချက်ထုတ်ပြန်သော ကျောက်စိမ်းမှ ရရှိငွေနှင့် နှိုင်းယှဉ်လျှင် အဆ ၅၀ ခန့် ကွာဟနေကြောင်း EITI အရပ်ဘက် ကိုယ်စားလှယ် ဦးဝမ်အောင်က ပြောသည်။ ယင်းသို့ စာရင်းကွာယနေမှုသည် မြန်မာနိုင်ငံက လုပ်ဆောင်နေသည့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်မှု ပွင့်လင်းမြင်သာစွာ ချပြရေး EITI လုပ်ငန်းစဉ်၏ပုံရိပ်ကို ထိခိုက်နိုင်သဖြင့် အစိုးရတင်ပြထားသည့် စာရင်းအချက်အလက်များကို ပြန်လည်တိုက်ဆိုင်စစ်ဆေးမည်ဟု ဦးဝမ်အောင်ကဆိုသည်။ နိုင်ငံတကာသို့ ရှင်းလင်းတင်ပြသော စာရင်းသည် ထိုသို့ကွာဟနေပါက အစိုးရစာရင်းကို အတည်ယူ၍ ဖွံ့ဖြိုးရေးလုပ်ဆောင်မည့် ၂၀၁၆ တွင် တက်လာမည့် အစိုးရအနေဖြင့် အတိုင်းအတာ တစ်ခုအထိ အခက်အခဲအကျပ်အတည်း ဖြစ်စေမည်ဟုဆိုသည်။ မြန်မာနိုင်ငံကို EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် EITI ဘုတ်အဖွဲ့က သတ်မှတ်ခဲ့သည်။ အဖွဲ့ဝင်လောင်းမှ စံချိန်မီအဖွဲ့ဝင်လောင်း နိုင်ငံဖြစ်ရေးအတွက် ၂၀၁၆ ဇန်နဝါရီတွင် EITI အစီရင်ခံစာကို နိုင်ငံတကာ EITI အဖွဲ့သို့ တင်ပြရမည်ဖြစ်သည်။<br>အိဖြူမွန် |
| ၂၉ | ၂၆.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၃၄) p (2) | Other | **တောင်ကြီးမြို့ ကမ္ဘောဇဘဏ် ရဲစခန်းရှေ့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး သုံးဦးဒဏ်ရာရ**<br>ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ ကမ္ဘောဇဘဏ်အနီးမြို့မရဲစခန်းရှေ့တွင် အောက်တိုဘာ ၂၅ ရက်နေ့က ဗုံးဟုယူဆရသော အရာတစ်ခု ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး လူသုံးဦး ဒဏ်ရာရကာ ကားတစ်စီး ပျက်စီးခဲ့သည်။ ကမ္ဘောဇဘဏ်အနီး အောင်အောင်စတိုးဆိုင်ရှေ့တွင် ည ၈ နာရီခွဲတွင်ဖြစ်ပွားခြင်းဟု သိရသည်။ Iris |

| | | | | |
|---|---|---|---|---|
| ၃၀ | ၂၆.၁၀.၁၅ | Daily Eleven p (13) | Other | **မန်သာကျေးရွာဝန်းကျင်မှ တရုတ်သစ်ကားများရှိသည်ဟု သတင်းအရသွားရောက်ပြီး မံသာကျေးရွာနှင့် ဟန်ထက်ကျေးရွာရှိ လိုင်စင်မဲ့ကားကြီးများအား တပ်မတော်မှ ဖမ်းဆီး**<br>မန်သာကျေးရွာတွင် တပ်မတော်မှ တရုတ်သစ်ကားများရှိသည်ဟု သတင်းအရသွားရောက်ပြီး မန်သာကျေးရွာနှင့် ဟန်ထက် ကျေးရွာရှိ လိုင်စင်မဲ့ကားကြီးများအား စစ်တပ်မှ အောက်တိုဘာ ၂၂ ရက်တွင် ဓာတ်ပုံမှတ်တမ်းများယူ၍ ဖမ်းဆီးသွားကြောင်း သိရသည်။ ဗန်းမော်ခရိုင် မန်စီမြို့နယ် မန်သာကျေးရွာနှင့် ဟန်ထက်ကျေးရွာအတွင်းရှိ အိမ်အတွင်းထားရှိသော အယ်ဖူး၊ ယမ်းဖောင်၊ ဖောက်ခွဲနှင့် တုန်ဖုန်းကဲ့သို့သော လိုင်စင်မဲ့ကားကြီးများကို မံစီမြို့နယ် ပြည်ခိုင်ဖြိုးပါတီထံမှ အမျိုးသားလွှတ်တော်အမတ် ဦးထွန်းထွန်း ခရီးစဉ်မတိုင်မီ နှစ်ရက်အလိုတွင် ဗျူဟာ (၂) ဗျူဟာမှူးဦးစီးသော စစ်ကြောင်းသည် မန်သာကျေးရွာသို့ ရောက်ရှိလာပြီး ကျေးရွာအနီးဝန်းကျင်တွင် တရုတ်သစ်ကားများရှိသည်ဟု သတင်းရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးကိုခေါ်ပြောကာ မတွေ့ရ ဖြင့် ရွာအတွင်းရှိသော ကားကြီးများစာရင်းတောင်းပြီးနောက် ဓာတ်ပုံမှတ်တမ်းများယူကာ ရွာအဝင်အထွက်လမ်းများအားလုံး တွင် စစ်တပ်မှ ရွာအတွင်းရှိ ကားကြီးများမထွက်စေရန် အစောင့်ချ ထားပြီး ထိုကားများကို လိုင်စင်မရှိသောကြောင့်ဖမ်းလိုက်ကြောင်း<br>ဒေသခံများမှပြောသည်။ |

**ONLINE NEWS**

**U THEIN SEIN**

**သမ္မတခရီးစဉ် နိုင်ငံပိုင်သတင်းစာဖော်ပြမှု ဝေဖန်ခံနေရသည်**

24.10.2015

မြန်မာ့အလင်းနှင့်ကြေးမုံနိုင်ငံပိုင်သတင်းစာများတွင်မိတ္ထီလာမြို့နှင့် မိတ္ထီလာလွင်ပြင်တခုလုံးအစိမ်းရောင်လွှင်ပြင်ဖြစ်ရမည်ဆိုသည့် အစိမ်းရောင်ခေါင်းစည်းစာတန်းဖြင့် အာဏာရပါတီခေါင်းဆောင် သမ္မတဦးသိန်းစိန်၏ နယ်လှည့်ခရီးစဉ်တွဲပြီးဖော်ပြခြင်းသည် နိုင်ငံပိုင်သတင်းစာအနေနှင့်ပါတီတခုအတွက်ဘက်လိုက်ဖော်ပြရာရောက်နေသည်ဟု နိုင်ငံရေးပါတီများနှင့်သတင်းသမားများမှထောက်ပြဝေဖန်ကြပါသည်။မြန်မာ့အလင်း၊ကြေးမုံသတင်းစာများ၏ဖော်ပြချက်များနှင့်ပတ်သက်သည့်မေးမြန်းချက်အား ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်နှင့် သမ္မတရုံးတာဝန်ရှိသူများအား ဆက်သွယ်ခဲ့သော်လည်း  ဖြေကြားခြင်း မရှိပါ။ဉာဏ်ဝင်းအောင်

http://burmese.voanews.com/content/state-media-was-criticized-publishing-for-propaganda-ruling-party-in-president-trip-/3021355.html

## THURA U SHWE MANN

## သမ္မတ လျာထားသည့် ကိစ္စ သဘာဝ မကျကြောင်း ဦးရွှေမန်း ပြောဆို

25.10.2015

ပြည်ခိုင်ဖြိုးပါတီမှ သမ္မတလောင်းအဖြစ် ပါတီဥက္ကဌဖြစ်သည့် လက်ရှိ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို လျာထားကြောင်း ပြောဆိုနေခြင်းသည် တစ်ဦးတစ်ယောက်၏ ပြောဆိုမှုများသာဖြစ်ကြောင်းနှင့် သဘာဝမကျကြောင်းသမ္မတရွေးချယ်ရေး ကိစ္စသည် လွှတ်တော်နှင့်သာ ဆိုင်ပါသည်ဟု ပြည်သူ့လွှတ်တော် ဥက္ကဌ သူရဦးရွှေမန်းကမဲဆွယ်စည်းရုံးရေးခရီးစဉ်တွင် ပြောပါသည်။

http://www.rfa.org/burmese/news/ushwemann-usdp-campaign-phuu-10252015070552.html

## ကြံ့ခိုင်ရေး နိုင်ရန် ခက်ခဲမည်ဟု ဦးရွှေမန်းပြောဆိုမှု ပါတီတွင်း မကျေနပ်မှု ကြီးထွား

26.10.2015

ရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေး ပါတီအနေဖြင့် အနိုင်ရရန် ခက်ခဲမည်ဖြစ်ကြောင်း သူရဦးရွှေမန်း ၏ ဖြူးမြို့နယ်အတွင်း အောက်တိုဘာ ၂၅ရက်နေ့ မဲဆွယ်စည်းရုံးရေး ခရီးစဉ်အတွင်းပြောဆိုခဲ့ရာ ကြံ့ခိုင်ရေးပါတီတွင်မကျေနပ်မှုများဖြစ်ပေါ် နေကြောင်း ဦးရွှေမန်း၏ပြောကြားချက်နှင့်ပတ်သက်၍ ယခုကဲ့သို့စကားများမှာရန်ဘက်ကဲ့သို့ ဖြစ်စေနိုင်သည့်အတွက် တုန့်ပြန်ရန်မရှိကြောင်း ကြံ့ခိုင်ရေးပါတီမှတိုင်းဒေသကြီးအဆင့် ဗဟိုကော်မတီဝင်တဦးက ပြောသည်။ ကြံ့ခိုင်ရေးပါတီ အနေဖြင့်လာမည့်ရွေးကောက်ပွဲတွင်မရှုမလှရှုံးနိမ့်ဖွယ်ရှိဟုခန့်မှန်းဖော်ပြချက်များပါ ရှိသည့်လျှို့ဝှက်စာတမ်းကို လည်း ၎င်း၏ခွင့်ပြုချက်ဖြင့် ပြည်သူ့အခြေအနေမှန်ကိုသိရှိသောပါတီဝင် ကိုယ်စားလှယ်များနှင့်ပြည်ပပညာရှင်များကပူးပေါင်း ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်းလည်း ဦးရွှေမန်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ထွန်းထွန်း

The Irrawaddy (Burmese Version)

H.E. Thura U Shwe Mann Facebook

26.10.2015

သူရဦးရွှေမန်မှ စနေနေ့ခရီးစဉ်တွင် လယ်သမားတွေကို ကျေးရူးရှင်တောင်သူဦးကြီးများဟု ပြောကြသော် လည်း ယနေ့ အချိန် တွင် အဆင်းရဲဆုံးဖြစ်နေကြောင်းထို့ ကြောင့် ကျေးရူးရှင်များ အဆင်ပြေရန် မဖြစ်မနေ လုပ်ပေးရန် လိုအပ်သည် ဟု ဆိုပါသည်။အကြွေးများနှင့် ကြပ်ကြပ်တည်းတည်း ဖြစ်သည့် ဘဝမှ ချောင်ချောင် လည်လည်နဲ့အဆင်ပြေပြေဖြစ်လာ ရန် မဖြစ်မနေ ပူးပေါင်းညှိနှိုင်းပြီး လုပ်ပေးကြရမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုမရှိရင် ဖွံ့ဖြိုးတိုးတက်မှုမဖြစ်နိုင်ပါ။အများ အတွက်အမှန်တကယ်အကျိုးရှိစေရန် တကယ်အလုပ်လုပ်မည်ဆိုလျှင် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို အတူလက်တွဲပြီးလုပ်နိုင်ရပါမည်။ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု မပြုနိုင်လျှင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ငြိမ်းချမ်းရေးရရှိရေးတို့အတွက်အခက်အခဲဖြစ်မည်ဖြစ်ပြီးဖွံ့ဖြိုးတိုးတက်ရန်အခက်အခဲအတားဆီး များဖြစ်လာနိုင်ပါသည်ဟု ပြောသွားသည်။

(ဖြူးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း သူရဦးရွှေမန်း၏ ၂၄-၁၀-၂၀၁၅ ရက်နေ့ (စနေနေ့) ခရီးစဉ်အတွင်း ပြည်သူများအား ပြောကြားမှု ကောက်နုတ်ချက်)

The Irrawaddy (Burmese Version)

## DAW AUNG SAN SU KYI

### မြစိမ်းရောင်စီမံကိန်းမှာ ပြည်သူများအတွက် ပြည်ပမှ ချေးငွေကို ပြန်ချေးခြင်းသာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော

**26.10.2015**

အစိုးရအကောင်အထည်ဖော်နေသောမြစိမ်းရောင်စီမံကိန်းသည်ပြည်သူများအတွက်နိုင်ငံတကာမှပေးထားသောငွေများ ကို ပြည်သူများအား ပြန်ချေး နေခြင်းသာ ဖြစ်ကြောင်းဒေါ်အောင်ဆန်းစုကြည်က  အောက်တိုဘာ ၂၅ ကော့မှူးမြို့နယ် မဲဆွယ်စည်းရုံးရေး ခရီးစဉ်တွင် ပြောကြားသည်။မြန်မာနိုင်ငံအနေဖြင့် ပြည် ပနိုင်ငံများ မှ ချေးယူထားသော ကြွေးမြီများ မည်မျှရှိ သနည်း ဟု ကျေးရွာပြည်သူ  တစ်ဦး၏ မေးမြန်းမှု ကိုဖြေကြားရာတွင် ထည့်သွင်း ပြောကြား ခဲ့ခြင်းဖြစ် သည်။ မြစိမ်းရောင်စီမံကိန်းအား မွေး/ ရေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေခြင်းဖြစ်ပြီး မြစိမ်းရောင် စီမံကိန်းအားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းခြောက်ခုအပါအဝင် ပြည်နယ်၊တိုင်းဒေ သကြီး ၁၄ ခုနှင့်နေပြည်တော်နယ်မြေ တို့ရှိ ကျေးရွာ ပေါင်း ၁,၁၅၀ ရွာတွင် စီမံကိန်း၊ရန်ပုံငွေစုစုပေါင်း ကျပ် ၃၄ဒသမ ၅ ဘီလီယံ သုံးစွဲမည်ဟုဧပြီလ ၁ရက် တွင်  ဝန်ကြီးဦးအုန်းမြင့်ကပြော ကြားခဲ့သည်။မြစိမ်းရောင်ကျေးရွာစီမံကိန်းကို၂၀၁၄၁၅ဘဏ္ဍာနှစ်တွင်အရင်းမပျောက် လှည့်ပတ်ရန်ပုံငွေဖြင့် ကျေးရွာတစ်ရွာလျှင် ကျပ် သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ဆိုသည်။ ငြိမ်းငြိမ်းပြည့်

http://www.7daydaily.com/story/49506

### ရွေးကောက်ပွဲအတွက်ဩစတြေးလျမှ ဒေါ်လာ ၄ သန်းကူညီမည်

25.10.2015

ရွေးကောက်ပွဲ အတွက်   ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ဩစတြေးလျနိုင်ငံမှ   ဒေါ်လာ၄သန်းတိုက်ရိုက် မဟုတ်သည့်အကူအညီများပေးနေသည်ဟု ဩစတြေးလျနိုင်ငံခြားရေးဌာန အက်စ်ဘီအက်စ်သတင်းအားအတည်ပြု ပြောပါသည်။မြန်မာရွေးကောက်ပွဲကော်မရှင်၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ကူညီပေးရန်  နိုင်ငံတကာ ရွေးကောက်ပွဲ စနစ်များ ဆိုင်ရာ ဖောင်ဒေးရှင်းအဖွဲ့မှ တဆင့်  ထောက်ပံ့ပေးခြင်း ဖြစ်ပြီး  မဲရုံ အမှုထမ်းများအား လေ့ကျင့်သင်တန်း ပေးရန် ဒေါ်လာ ၁သန်း ပါဝင်သည်ဟု ဆိုပါသည်။

http://burmese.dvb.no/archives/118388

## ELECTION

## ပြည်ခိုင်ဖြိုးပါတီ အစိုးရဖွဲ့နိုင်ဖို့ လိုအပ်ကြောင်း ဦးသက်နိုင်ဝင်း ပြောကြား

24.10.2015

ဦးသက်နိုင်ဝင်းမှ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ပြည်သူ၏အခန်းကဏ္ဍအလွန်အရေးကြီးကြောင်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားကာ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် လာမည့် ၅ နှစ်တာ သက်တမ်းကာလတွင်လည်း အရှိန်အဟုန်ဖြင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသည့် အစိုးရကို ဖွဲ့နိုင်ရန် အတွက် ပြည်ခိုင်ဖြိုးပါတီအများစု အနိုင်ရမှသာ ဖွဲ့စည်းနိုင်မည်း ဖြစ်သည့် အတွက် တစ်ထောင့်တစ်နေရာမှ ပြည်သူလူထု ပေးမည့် ဆန္ဒမဲများအာ မြိတ်မှကိုယ်စားလှယ်အားလုံးအားထောက်ခံဆန္ဒမဲပေးကြရန်နှင့်ပြီးခဲ့သည့်၅နှစ်အတွင်း ပြုပြင်ပြောင်းလဲမှုများအားပြည်ခိုင်ဖြိုးမှ စတင်အကောင်အထည် ဖော်ခဲ့ကြောင်း ဦးသက်နိုင်ဂင်းက ပြောခဲ့ပါသည်။မြိတ် တွင် ရပ်ကွက် ၁၂ခု၊ ကျေးရွာအုပ်စု ၂၀ကျော်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူ ၁သိန်း၇သောင်းကျော်ရှိပါသည်။

http://www.rfa.org/burmese/news/usdp-myeik-campaign-10242015120214.html

## တိုင်းရင်းသားလက်နက်ကိုင်ရှိသည့်ဒေသတွင်း လူထုအနေထား

25.10.2015

လက်ရှိ မဲဆွယ်စည်းရုံးရေးကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ငြိမ်းချမ်းရေးယူပြီးသည့်အဖွဲ့ဖြစ်စေ မယူရသေးသည့် အဖွဲ့ဖြစ်စေ ယင်းတို့၏နယ်မြေတွင် သူတို့ ဩဇာရှိပြီး သူတို့ထောက်ခံသည့်ပါတီကို လူထုက ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ၊ တိုင်းရင်းသားများမှာ ပြန်ပြောနိုင်ဖို့အခွင့်အရေးမရှိဟု ဖက်ဒရယ်ပြည်ထောင်စုပါတီ ဥက္ကဋ္ဌ ဦးစောသန်းမြင့်က ပြောသည်။ **DVB TV**

## PEACE/ARM CONFLICT

## အဓိကဝင်ငွေ ကျောက်စိမ်းက ရလို့ KIA ဝန်ခံ

25.10.2015

Gobal Witness အဖွဲ့ အစီရင်ခံစာသည် အခြေအနေမှန် နှင့် နီးစပ်သည်ဟု **KIA** တာဝန် ရှိသူ တဦးကပြောပါသည်။ ထို့အပြင် **KIA** မှငင်း တို့၏ အဓိက ဝင်ငွေ သည် ကျောက်စိမ်း ထုတ်လုပ်မှု မှရသည်ဟု ဝန်ခံ ထားသည် ။မန္တလေး မြောက်ဘက် မိုင် ၂၀၀ ကျော်အကွာ ကချင် ပြည်နယ်တွင်းပဋိပက္ခများ ဖြစ်နေသည့်ဒေသများသည်ကမ္ဘာပေါ်တွင်ကျောက်စိမ်းအများဆုံး ထုတ်နေ သည့် နေရာ ဖြစ်ပြီး ယမန် နှစ် တနှစ်တည်း တွင်ဒေါ်လာ ၃၁ ဘီလျံ ဖိုးရှိသည် ဟု Gobal Witness က ရေးထားသည်။အစီရင်ခံစာ တွင် **KIA** နှင့် ပတ်သက်သည့် အချက်အလက် မှားယွင်းမှု အနည်းငယ် ရှိသည်ဟု **KIA** ပြောခွင့်ရပုဂ္ဂိုလ် ဦးဒေါင်းခါးကဆိုပါသည် ။အစိုးရချပေးသည့် ယန္တရားသုံး ကုမ္ပဏီ ကြီး များ ကြောင့် ကျောက်စိမ်း ဒေသပတ်ဝန်းကျင် ပျက်စီးမှု ပိုများသည်ဟု လည်း ၎င်းက ဆိုသည်။

http://www.bbc.com/burmese/burma

## ကိုးကန့်ဒေသတွင် တိုက်ပွဲများပြန်စ

26.10.2015

အောက်တိုဘာ ၂၄ ရက်နေ့ တွင်နယ်စပ် ဘီဘီ ၁၁၁ နဲ့ ဘီပီ ၁၁၃ အကြားတရက်တည်း တိုက်ပွဲ ၄ ကြိမ်အစိုးရထိုးစစ်ကြောင့် ဖြစ်ပွားခဲ့သည်ဟု မြန်မာနိုင်ငံ အမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (အမ်အဲန်ဒီအေအေ) အရေးပေါ် အခြေအနေနှင့် စစ်အုပ်ချုပ် ရေး ကြေညာထားချက်အား နိုဝင်ဘာ ၁၇ ရက်ထိ နောက်ထပ် ရက်ပေါင်း ၉၀ တတိယ အကြိမ် ထပ်တိုးထားရ သည်။ နော်နီရင်း

http://burmese.dvb.no/archives/118543

## ကေအိုင်အေ တပ်ရင်း ၉ ကို အစိုးရတပ်က သိမ်းပိုက်

25.10.2015

ယခုလ ၂၃ - ၂၄ တွင် သိမ်းပိုက်ရရှိခဲ့ကာ နှစ်ဘက် ဒဏ်ရာရ ကျဆုံးသော်လည်း တိတိကျကျမသိရသေးပါ။

http://burmese.dvb.no/?p=118544

## MA BA THA

## မျိုးစောင့်ဥပဒေပြဌာန်းမှု ကျောက်ဖြူ မြို့က ထောက်ခံကြိုဆို

26.10.2015

မဘသ အဖွဲ့ဝင်များ မျိုးစောင့် ဥပဒေ အတည်ပြုပြဌာန်းနိုင်သည့် အထိမ်းအမှတ်ဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ဆရာတော် ဦးဥတ္တမပန်းခြံတွင်ယမန်နေ့ ၌ ထောက်ခံကြိုဆိုပွဲ ကျင်းပကြသည်။မျိုးစောင့်ဥပဒေအား ဖောက်ဖျက် ကျူးလွန်သူများကိုတရားရုံးထံတိုင်ကြားရမည် ဖြစ်ပြီး အရေးယူခြင်းမရှိခဲ့သော်မ.ဘ.သ အဖွဲ့မှလိုက်လံဆောင်ရွက် ပေးမည်ဟု ရမ္မာဝတီဆရာတော် ဘဒ္ဒန္တအဂ္ဂရက မျိုးစောင့်ဥပဒေကြိုဆိုထောက်ခံပွဲတွင် မိန့်ပါသည်။ကြိုဆိုပွဲသို့ မဘသ အဖွဲ့မှ ဆရာတော်များ၊ကျောက်ဖြူ ဒေသခံများနှင့် ပညာရေးကောလိပ်မှ ကျောင်းသူ၊ ကျောင်းသား ၅၀၀ ကျော် တက်ရောက်ခဲ့ပါသည်။RFA Burmese

http://www.rfa.org/burmese

## RAKHINE NEWS

## ပုဂ္ဂိုလ်ရေး တိုက်ခိုက်မဲဆွယ်မှု နဲ့ ပြည်ခိုင်ဖြိုးကို ANP တိုင်ကြား

25.10.2015

ရခိုင်ပြည်နယ်ဘူးသီးတောင်မြို့နယ်တွင်ပြည်ခိုင်ဖြိုး ပါတီမှရခိုင်အမျိုးသားပါတီလွှတ်တော်ကိုယ်စားလှယ်လောင်းများ အပေါ် ဒေါ်ဘာအေးမောင်နဲ့ Nld ကိုပေါင်းသွားပြီစသည်ဖြင့် ပုဂ္ဂိုလ်ရေးတိုက်ခိုက်ပြီး မဲဆွယ်စည်းရုံးနေသော ကြောင့် ရခိုင်အမျိုးသားပါတီမှ မြို့နယ်ကော်မရှင်ထံ တိုင်ကြားထားပါတယ်။ဘူးသီးတောင်မြို့နယ် ပြည်ခိုင်ဖြိုးတာဝန်ရှိသူများ

ရခိုင်အမျိုးသားပါတီအား မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ရုံး တွင် ယနေ့ တောင်းပန်သည် ဟု ဘူးသီးတောင် ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းလှိုင်က ပြောပါသည်။

http://www.rfa.org/burmese/news/anp-complain-usdp-campaign-10252015121242.html

## ရခိုင်မှာ ပဋိပက္ခအပြီး နှစ် ဘက်ပြန်လည်သင့်မြတ်ရေး အလှမ်းဝေးနေသေးကြောင်း CDNH အဖွဲ့ပြော

23.10.2015

ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး ဆိုသည့် စကားလုံးသုံးပြီး မွတ်စလင်နှင့် ရခိုင်တိုင်းရင်းသားများနှစ်ဘက်စလုံးမှ လက်မခံနိုင် သေးဘဲ လက်တွေ့ လုပ်ဆောင် ရန်မှာလည်း အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း လက်ရှိ ရခိုင်ပြည်နယ်အခြေအနေသည် ယခင်ထက် တည်ငြိမ်မှုရှိသော်လည်း ပဋိပက္ခများ ပြန်လည် ဖြစ် ပွားနိုင် သည့် အခြေအနေတွင် ရှိနေသေးကြောင်း သတိပေး ပြောကြားသည်။လူ့အဖွဲ့အစည်း နှစ်ဘက်စလုံးတည်ငြိမ်အေးချမ်းရေးထက် ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်များကိုသာအဓိကထားလုပ်ဆောင်နေသည့်အပြင်နှစ်ဘက်အဖွဲ့အစည်းအကြားအပြန်အလှန်ယုံကြည်မှုအားနည်းနေပြီးသံသယများကြီးထွားနေဆဲဖြစ်သည်ဟုကွဲပြားခြားနားမှုနှင့်အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာလေ့လာရေးအဖွဲ့(CDNH)ညွှန်ကြားရေးမှူး Dr ကျော်ရင်လှိုင်မှပြောပါသည် ။ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် ပဋိပက္ခကြောင့် လက်ရှိပြည်နယ်အတွင်း ဒုက္ခသည် တစ်သိန်း လေးသောင်း ရှိသည်ဟု စစ်တမ်းတွင် ထုတ်ပြန်ထားပါသည်။

http://www.rfa.org/burmese/news/conflict-between-two-communities-rakhine-state-10232015121048.html?searchterm:utf8:ustring=CDNH

http://www.rfa.org/burmese/interview/cdnh-dr-kyawyinhlaing-interview-10242015050341.html?searchterm:utf8:ustring=CDNH

## NCA စာချုပ်အရ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန် ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်များ လွှတ်တော်ထဲရောက်ရှိရန် လိုအပ်ဟုရခိုင်အမျိုးသားပါတီ မဲဆွယ်

26.10.2015

NCA စာချုပ်အရ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး တွင် ပါဝင်နိုင်ရန် ရခိုင် တိုင်းရင်းသား ကိုယ်စားလှယ်များ လွှတ်တော်ထဲသို့ရောက်ရှိရန်လိုအပ်နေကြောင်းရန်ကုန်ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဦးဇော်အေးမောင်ကပြောသည်။ လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံ၌အချုပ်အခြာအာဏာရှိရပြီး ယင်းအချုပ်အခြာအာဏာကိုမဲပေးခွင့်ရှိသောပြည်သူများသာပိုင်ဆိုင်ကြောင်း၊တိုင်းရင်းသား နိုင်ငံသားရခိုင်သားများ သမ္မတ၊ ဒုသမ္မတ၊ ဝန်ကြီး၊တရားသူကြီးချုပ်လည်းဖြစ်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်တိုင်းရင်းသား ၁၀၀၀ ခန့်က လာရောက်သောလူထုဟောပြောပွဲ ၎င်းကပြောသည်။

RAKHINE ONLINE NEWS

## ကျွိုင့်တပ်မတော်နှင့် ပတ်သက်သည့် ထုတ်ပြန်ချက်များအား ချင့်ချိန်ကြရန်  ANP အကြံပြု

25.10.2015

Facebook ပေါ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ ရက္ခိုင့်တပ်မ တော်ထိန်းချုပ် နယ်မြေများ အတွင်းသို့ တပ်မတော်မှ စစ်အင်အားဖြည့်တင်းနေခြင်းကြောင့် နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်ကာရွေးကောက်ပွဲ ထိခိုက်မည်ကိုစိုးရိမ်ကြောင်း ရက္ခိုင့်တပ်မတော်(AA)ကအောက်တိုဘာ ၂၀ ရက် ရက်စွဲဖြင့် ထုတ်ပြန် ခဲ့သည့်အပေါ် ရခိုင်အမျိုးသားပါတီမှတာဝန်ရှိသူတစ်ဦးက ပြောဆိုခြင်း ဖြစ်သည်။၎င်းမှ ရက္ခိုင့်တပ်မတော်သည်ရခိုင်ပြည်တွင် မရှိသောကြောင့် တိုက်ပွဲဖြစ်ပွားနိုင်စရာ အကြောင်းလည်း မရှိကြောင်း ထုတ်ပြန်ချက်များနှင့် ပတ်သက်ပြီး သေသေချာချာ စဉ်းစား စေလိုသည် ဟုရခိုင်အမျိုးသားပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးမျိုးကျော်က ပြော သည်။ သတင်း - MMK

The Ladies News Journal

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နေ ရာ ဒေါက်တာအေးမောင်ကို ANP လျာထား

RFA မြန်မာပိုင်း။

ရွေးကောက်ပွဲတွင် ရခိုင်အမျိုးသားပါတီ ANP သည် ရခိုင်ပြည်နယ်တွင် အစိုးရဖွဲ့နိုင်သည့် အထိ ကြိုးစား မည်ဖြစ်ပြီး ဝန်ကြီးချုပ် နေရာအတွက် ပါတီ ဥက္ကဋ္ဌ  ဒေါက်တာအေးမောင်ကို လျာထားကြောင်း ရန်ကုန် ANP  မဲဆွယ်  စည်းရုံးဟောပြောပွဲတွင် ပါတီ ဒု ဥက္ကဋ္ဌ ဒေါ်အေးနုစိန် မှ ပြောသည်။ANPသည် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးနေရာအပါအဝင် ကိုယ်စားလှယ်လောင်း၇၇ ဦးဝင်ရောက်ယှဉ်ပြိုင်မည်။

http://www.rfa.org/burmese/news/anp-rakhine-minister-dr-ayemaung-10252015113604.html

## ဖယ်ဒရယ်သည်ခွဲထွက်ရေးမဟုတ်ကြောင်းပူးပေါင်းမှုမရှိပါကပရုပ်လုံးလိုလုံးပါးပါးမည်ဖြစ်ကြောင်းရခိုင်ပြည်နယ်ကောင်းမှ နိုင်ငံတော်ကောင်းမည်ဟု ဦးမောင်မောင်အုန်း မဲဆွယ်စဉ်ပြောကြား

**26.10.2015**

ရခိုင်တိုင်းရင်းသားများအမျိုးကိုချစ်ပြီးတစ်ချို့အမျိုးများမှအချစ်လွန်းကာမည်သူ့ကိုမှမပေါင်းချင်မယုံဘဲမည်သူ့ကိုမှလည်းပူးပေါင်းဆောင်ရွက်မှု မရှိသည့် မိဘပြည်သူများလည်း ရှိသဖြင့် မျက်လုံးမှိတ်ထားလျှင်မည်သည့်အရာမှလည်းမြင်ရမည်မဟုတ်သဖြင့် မိဘ ပြည်သူများ မျက်လုံးဖွင့်ပြီး ချစ်ကြပါဟု ပြောပါ သည်။ မျက်လုံး ပြူအောင် ကြည့်မှသာ ကိုယ့် အမျိုးတကယ်ချစ်ရာရောက်မည်၊ မည်သူနှင့်မှ မပေါင်းခဲ့လျှင် ရခိုင်ပြည်နယ်သည်  ပရုပ်လုံးကဲ့သို့ လုံးပါးပါးသွားမည်ဖြစ်သဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည် အကျိုးရှိရန်  ပူးပေါင်းသင့်သည့်အရာကိုလည်း ပူးပေါင်းရမည် ဟုလည်း ပြောကြားခဲ့သည်။ ရခိုင်ပြည်မှပြည်ခိုင်ဖြိုးပါတီအား ဗမာပါတီဟုထင်ကြကြောင်း၊ သို့သော် ဗမာပါတီ မဟုတ်ကြောင်းပြည်ထောင်စုတိုင်းရင်းသားများ နှင့် ဖွဲ့စည်းထားသော ပါတီတစ်ခုသာ ဖြစ်ကြောင်း၊ရခိုင်ပြည်နယ်ကောင်းမှနိုင်ငံတော် ကောင်းမည်ဖြစ်ပြီး ရခိုင်ပြည်နယ်တည်ငြိမ်မှ နိုင်ငံတော်တည်ငြိမ်မည် ဟု ပြောဆိုသည်။ အောက်တိုဘာလ ၂၆ ရက်နေ့ မဲဆွယ် ဟောပြောပွဲစဉ် ဦးမောင်မောင်အုန်း မှ ယနေ့ ရခိုင်ပြည် ၏ အရေးမှာ အလွန် အရေးကြီးပြီး နိုင်ငံတော်၏ အရေးပင်ဖြစ်ကြောင်းနှင့် ရခိုင့်အရေးသည် နိုင်ငံတော်၏ နလုံးသားထဲတွင် စူးဝင်နေသော ဆူးတစ်ချောင်း ဖြစ်သည်ဟုဆိုသည်။

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။

http://mizzimaburmese.com/article/6554#sthash.EgsCSKP1.dpuf

http://goo.gl/AP6WGu

## OTHER

### ပြည်သူများ လက်မခံနိုင်သည့် ရွေးကောက်ပွဲ ရလဒ်ကြောင့် စီးပွားရေးပိတ်ဆို့မှုများ ထပ်မံ ဖြစ်ပေါ်လာပါက အိမ်ခြံမြေပူဖောင်း ပေါက်သွားနိုင်ဟု သုံးသပ်ချက်စာတမ်းတစ်ခုတွင် ဖော်ပြ

26.10.2015

နိုင်ငံရေးအခြေအနေကောင်းမွန်မှုမရှိခြင်းနှင့်ပြည်သူများလက်မခံနိုင်သည့်ရွေးကောက်ပွဲရလဒ်ကြောင့်စီးပွားရေးပိတ်ဆို့မှုများထပ်မံဖြစ်ပေါ်လာပါကအိမ်ခြံမြေပူဖောင်း ပေါက်သွားနိုင်ဟု Property Solutions ကုမ္ပဏီက ထုတ်ပြန်သည့် ရန်ကုန်ဆောက်လုပ်ရေး/အိမ်ခြံမြေ ဈေးကွက် သုတေသနနှင့် ဈေးကွက် အနာဂတ် သုံးသပ်ချက်စာတမ်းတွင်ဖော်ပြထားသည်။ နှစ်ပေါင်း၅၀အတွင်းမြန်မာနိုင်ငံသို့တရားမဝင် စီးဝင်ခဲ့သည့်အမေရိကန်ဒေါ်လာများစွာသည်အိမ်ခြံမြေဈေးကွက် အတွင်းသို့ အဓိက စီးဝင်ခဲ့ပြီး ရွေးကောက်ပွဲ အပြီးတွင် အိမ်ခြံမြေ ဈေးကွက် တည်ငြိမ် ၍ အများပြည်သူ ဝယ်ယူနိုင်စွမ်းရှိ သည့် အနေအထားသို့ ရောက်ရှိရန် ထိုသို့ တရားမဝင် စီးဝင်နေသည့် ငွေမည်းများ ကို ပိတ်ဆို့နိုင်ရန် လိုအပ်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေ လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးသန်းဦးက ပြောကြားသည်။ **Myat Minn**

Eleven Media Group

### ရန်ကုန်မြို့ကို စနစ်တကျ မခန့်ခွဲနိုင်ပါက နောင်တစ်ချိန် နောင်တရလိမ့်မည်ဟု YHT သတိပေး

26.10.2015

နိုင်ငံ၏ စီးပွားရေး အချက်အချာကျသော ရန်ကုန်မြို့သည့် အပြောင်းအလဲကာလနှင့် ကြုံတွေ့နေရပြီး မြို့ပြ စီမံကိန်းများကြိုတင်မရေးဆွဲ၊ စီမံကိန်းများစနစ်တကျ မလုပ်ဆောင်ပါက ပတ်ဝန်းကျင် ညစ်ညမ်းမှုများဖြင့် နောင်တတရမည့် အခြေအနေနှင့် ကြုံတွေ့နိုင်သည်ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ YHT မှ အောက်တိုဘာ ၂၆ ရက်တွင် သတိပေးလိုက် သည်။ နောင်တွင် ရန်ကုန်သည် ရှုပ်ထွေး ကျပ်ညပ်သော၊ ပတ်ဝန်းကျင် ညစ်ညမ်း မှုများဖြင့် ပြည့်နှက်နေသော၊ နေချင့်စဖွယ် မရှိသော၊ ကိုယ်ပိုင်လက္ခဏာ သွင်ပြင် မရှိသော မြို့တစ်မြို့အဖြစ်သို့ ဦးတည် သွားနိုင်သည် ဟု YTH ၏ သတိပေးထုတ်ပြန်မှုတွင် ပါရှိသည်။

http://mizzimaburmese.com/article/6530#sthash.0fldeRT5.dpuf